## ဠဆူး (ခ) ဂျာမနီဆူး

Scientific name - *Acanthospermum hispidum* DC.

Common name - Bristly starbur

Family - Asteraceae








အပင်ပုံသဏ္ဍာန်

တစ်နှစ်ခံပင်ပျော့မျိုးဖြစ်ပြီး ထောင်မတ်လျက်ပေါက်ပြီး ၉၀စင်တီမီတာအထိမြင့်သည်။ ပင်စည်သည် လုံးဝန်း၍အဖြူရောင်အမွေးမာများ ပါရှိသည်။ အရွက်အရင်းပိုင်းသည် ဘဲဥ သို့မဟုတ် သပ်ပုံသဏ္ဍာန် ရှိပြီး ထိပ်ဖျားချွန်သည်။ ရွက်ညှာကင်းမဲ့သည်။ ရွက်နားတစ်လျှောက် မညီညာသော အသွားများပါရှိသည်။ မျက်နှာပြင်နှစ်ဖက်စလုံးတွင် အမွေးများရှိသည်။ ပန်းခိုင်သည် ပန်းပွင့်တစ်ပွင့် တည်းသာပါသော ကြားထွက်ပန်းခိုင်ဖြစ်သည်။ ပန်းပွင့်မှာ စိမ်းဝါဖျော့ရောင်ဖြစ်သည်။ အသီးတွင် သပ်ပုံတစ်စေ့သီးများစုပေါင်း၍ ကြယ်ပုံစံသီးခိုင်များဖြစ်သည်။ အစေ့အားဖြင့် မျိုးပွားသည်။